မရသိမ်ကျေးရွာအုပ်စု၊ ဝါးဘိုးချောင်းကျေးရွာ
ထီးချိုင့်မြို့နယ်
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝါးဘိုးချောင်းကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ
ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇူလိုင်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဝါးဘိုးချောင်းကျေးရွာ သယံဇာတပြမြေပုံ၊ ထီးချိုင့်မြို့နယ်	၅
	ဝါးဘိုးချောင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် ထီးချိုင့်မြို့နယ်	၆
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ သတ်မှတ်ချက်ဇယား	၇
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၈
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၈
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၈
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၀
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၁
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၂
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၂
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၃
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၉
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၀
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၉
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၇၈
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၈၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၈၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက် အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက် အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ် သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက် များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများ နှင့် ဦးစားပေး

ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြု ဇယားစသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝါးဘိုးချောင်းကျေးရွာ
ထီးချိုင့်မြို့နယ်

မရသိမ်ကျေးရွာအုပ်စု၊ ဝါးဘိုးချောင်းကျေးရွာ သယံဇာတပြမြေပုံ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် မရသိမ်အုပ်စု၊ ဝါးဘိုးချောင်းကျေးရွာ၏ ကျေးရွာရာသီခွင်ပြပြက္ခဒိန်

စဉ်	အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသိုလ်	တပို့တွဲ	တပေါင်း	အညွှန်း
	စိုက်ပျိုးရေး													
	မွေးမြူရေး													
	ကျန်းမာရေး				—	—	—	—	—				—	
	ပညာရေး													
	ရာသီဥတု													
	ပွဲတော်			—		—	—			—	—		—	
	တောင်သူဝင်ငွေ													
	တောင်သူထွက်ငွေ													
	နေ့စားဝင်ငွေ													
	နေ့စားထွက်ငွေ													
	သဘာဝ ဘေးအန္တရာယ်													

မရသိမ်ကျေးရွာအုပ်စု၊ ဝါးဘိုးချောင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၁၉-၂၀	၂၀-၂၁	၂၁-၂၂	၂၂-၂၃	၂၃-၂၄
၁	ကျေးရွာတွင်း ပိုက်လိုင်းသွယ်တန်းခြင်း	၁					
၂	နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ခြင်း	၂					
၃	ကွန်ကရစ်လမ်းခင်းခြင်း	၃					
၄	ကျောင်းခြံစည်းရိုးကာရံခြင်း	၄					
၅	ကျောင်းအဝင်းတွင်း စက်ရေတွင်းတူးဖော်ခြင်း	၅					

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဝါးဘိုးချောင်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မရသိမ်အုပ်စု၊ ဝါးဘိုးချောင်းကျေးရွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ညောင်ငယ်အင်းအိုင်၊ အနောက်ဘက်တွင် မင်းဝံတောင်တန်း၊ မြောက်ဘက်တွင် မရသိမ်ကျေးရွာအုပ်စု၊ တောင်ဘက်တွင် ဖက်တဲကျေးရွာ ကြက်ဆူချောင်းကျေးရွာတို့နှင့် ဆက်စပ်လျက်တည်ရှိနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများစုပေါင်း နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၉၈၂)ဧကာ၊တောင်ယာမြေ (၈၈၁)ဧကာ၊ ဥယျဉ်ခြံမြေ (၁၃)ဧကာ၊ကိုင်းကျွန်းမြေ (၁၄၄၈)ဧကနှင့်ခနိတောမြေ (၄၅)ဧကစုစုပေါင်း (၂၆၆၉)ဧကရှိပါ သည်။ကျေးရွာတွင် မိုးစပါး၊ ပဲ၊နေကြာ နှင့် နွေစပါးသီးနှံများကိုသာ စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၇ဦး၊မ- ၅ ဦး စုစုပေါင်း- ၁၂ ဦး)၊ ဂေါပကအဖွဲ့(ကျား- ၁၄ ဦး)၊ ရပ်မိရပ်ဖအဖွဲ့ (ကျား-၆ ဦး၊ မ -၅ ဦး စုစုပေါင်း-၁၁ဦး)၊ ဓမ္မစကြာအဖွဲ့(မ-၁၅ ဦး)၊ မိန်းမကြီးအဖွဲ့(မ-၁၂ ဦး)၊နာရေးအဖွဲ့ (ကျား-၁၀ ဦး)တို့သည် ကျေးရွာ၏ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုပေါင်းလုပ်ဆောင်နေကြပါသည်။ ကျောင်းကော်မတီအဖွဲ့(ကျား-၆ ဦး၊ မ- ၂ ဦး စုစုပေါင်း ၈ ဦး)သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာ စေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတက်သရော စုပေါင်း လုပ်ဆောင်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဝါးဘိုးချောင်းကျေးရွာသည် (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ (၁၂) အိမ်ထောင်စု၊ (၂.၅)ဧကနှင့် (၅)ဧကကြားတောင်သူငယ် (၃၁)အိမ်ထောင်စု၊ (၅)ဧကနှင့် (၁၂.၅)ဧကကြားတောင်သူလတ်(၈၄)အိမ်ထောင်စု၊ (၁၂.၅)ဧကနှင့်အထက် ပိုင်ဆိုင်သူ တောင်သူကြီး (၈၆)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ပဲ၊ နေကြာနှင့်နွေစပါး သီးနှံများကို အားထားစိုက်ပျိုးကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၅၀)တင်းထွက်ရှိပါသည်။ပဲအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၁၀) တင်းထွက်ရှိပါသည်။နေကြာအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၈)တင်းထွက်ရှိပြီး နွေစပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၅၀)တင်းခန့် ထွက်ရှိပါသည်။ကျေးရွာအတွင်းရှိ တောင်သူလယ်သမားများတွင်တစ်ဦးချင်းပိုင် ထွန်စက်ကြီး (၄)စီး၊လက်တွန်းထွန်စက် (၂၈)စီး၊ရိတ်သိမ်းခြွေလှေ့စက်(၁)စီး၊ ခြွေလှေ့စက်(၅)လုံး၊ရေစုပ်စက် (၆၀)လုံးရှိပြီး မြက်ရိတ် စက် (၂၆)လုံးရှိပါသည်။ အဖွဲ့ပိုင်ထွန်စက် ခြွေလှေ့စက်မရှိပါ။ တောင်သူများသည် စက်များကို ငှားရမ်းလုပ်ကိုင် နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊သီးနှံမျိုးစေ့များကို မြို့နှင့်အလှမ်းဝေးသော်လည်း ဝယ်ယူရရှိနိုင် ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှာတဆင့် ရောင်းချနိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဝါးဘိုးချောင်းကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၁၂၁)အိမ်ရှိပြီး နွားကောင်ရေ (၄၁၉)ကောင်၊ကျွဲမွေးမြူထားသည့်အိမ်ထောင်စု (၆၇)အိမ်ရှိပြီး ကျွဲကောင်ရေ (၂၉၃) ကောင်၊ ဝက်မွေးမြူထားသည့်အိမ်ထောင်စု (၁၀၄)အိမ်ရှိပြီး၊ ဝက်ကောင်ရေ (၂၇၈) ကောင်၊ ကြက်မွေးမြူထားသည့်အိမ်ထောင်စု (၁၇၁) ကြက်ကောင်ရေ(၁၃၂၀)ကောင်၊ ဘဲမွေးမြူ ထားသည့်အိမ်ထောင်စု(၁၂)အိမ်ရှိပြီး

ဘဲကောင်ရေ(၈၄)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်နေကြပါသည်။မွေးမြူရေးနှင့် ဝက်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီ ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများအား အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ စက်ဘီးပြင်လုပ်ငန်း၊ ယာဉ်ပြင်ဆင်ရေးလုပ်ငန်း၊ အပ်ချုပ်လုပ်ငန်း၊ ဈေး အရောင်းလုပ်ငန်း၊ ဆိုင်ကယ်တက္ကစီမောင်းခြင်းလုပ်ငန်း စသည်ဖြင့် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးမှု လုပ် ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့်လိုက် လျောညီထွေဖြစ်သော အခွင့်အလမ်းနည်းပါးပါသည်။လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန် များရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေများကို အစိုးရဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေး လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းပါးကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လ အတိုးနှုန်း(၈-၁၀)ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်**ကယ်**ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည် အိမ်ထောင်**စု**အနည်းငယ်ရှိပါသည်။ကျေးရွာတွင် **လှေသမ္ဘာန် (၁၁)စီး၊ စက်လှေ (၃)စီး**၊စက်ဘီး (၅၈)စီး၊ မော်တော် ဆိုင်ကယ် (၂၄၇)စီး၊ သုံးဘီးဆိုင်ကယ် (၄)စီး၊ ထော်လာကျီ (၁)စီး၊ကား (၁)စီးစသည့်ဖြင့် သယ်ယူပို့ ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ ကျေးရွာတွင် ကွန်ကရစ်လမ်း ပေအရှည်(၂၂၀')တစ်လမ်းနှင့် မြေသားလမ်း**(၁၃)**လမ်းရှိပြီး အချို့သော မြေသားလမ်းများကို ကျေးရွာမှမတည်၍ ကိုယ်ထူကိုယ်ထ**ပြုပြင်** လုပ်ဆောင် ထားပါသည်။မြေသားလမ်းမှာ ကျေးရွာဆက်လမ်းလမ်းမကြီးဖြစ်ပြီး သွားရလာရ အခက်အခဲ များရှိပါသည်။မိုးတွင်းကာလများတွင် မြေသားလမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ ချို့ငဲ့များဖြစ်ကာ သွားရလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ဝါးဘိုးချောင်းကျေးရွာတွင် ကွန်ကရစ်တံတား (၂)စင်းရှိပါသည်။ ကျေးရွာချင်း ဆက်လမ်းမကြီးပေါ်ရှိ တံတားများမှာ ကားကြီးများ၊တန်ပိုယာဉ်များ ဖြတ်သန်း နေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်း မီးသုံးစွဲသူ အိမ်ထောင်စု (၁၆၅)စု၊ ဆိုလာသုံးပြု သော အိမ်ထောင်စု(၁၃၅)စု၊ လုံးဝအသုံးမပြုနိုင်သော အိမ်ထောင်စု(၅)စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဝါးဘိုးချောင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၄၅)လုံး၊ ရေဒီယို(၆၇)လုံး၊ တီဗွီ (၁၅၆)လုံး၊ ဂြိုလ်တုစလောင်း (၁၅၃)လုံးတို့မှ ရရှိသည့် အပြင် အမ်ပီတီ၊ တယ်လီနော်နှင့် မိုင်တဲ ဖုန်းတာဝိုင်တိုင်များမှလည်း ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ အထူးတလည်မရှိပေ။

၆။ ပညာရေး

ဝါးဘိုးချောင်းကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိပြီး တက္ကသိုလ် တက်နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။ ကျောင်းတွင် ကျောင်းဆောင် အနည်းငယ်သာပါရှိပြီး မိမိတို့ကျေးရွာမှ ကျောင်းသားများသာမက အခြားနီးစပ်ရာ ကျေးရွာများမှ လာရောက်ပညာသင်ကြား နေကြသဖြင့် ကျောင်းဆောင်သစ်တစ်ဆောင် လိုအပ်နေပါသည်။ထို့ပြင် ကျောင်းသုံး ပရိဘောဂများလည်း လုံးလောက်မှုမရှိပါ။ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့်ဆရာ(၃)ဦးနှင့် ဆရာမ(၁၀)ဦးရှိပါသည်။ ကျေးရွာတွင် စာမတက်သည့် သူများမရှိပါ။ မူလတန်းအဆင့် စာတက်မြောက်သည့် လူဦးရေ မှာ(၄၈.၀၃)ရာခိုင်နှုန်း အထိများပြားပြီး၊ အလယ်တန်းအဆင့် စာတက်မြောက်သူမှာ(၄၇.၀၇) ရာခိုင်နှုန်း အထက်တန်းအဆင့် စာတက်မြောက်သူများမှာ(၂.၃၆)ရာခိုင်နှုန်း တက္ကသိုလ် အဆင့် စာတက်မြောက်သူမှာ(၂.၅၃)ရာခိုင်နှုန်းရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် လူစွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် လိုအပ်သည့်ကာကွယ်ဆေးများအား ကျန်းမာရေးဦးစီးဌာနက နှစ်စဉ် နှစ်တိုင်ကျေးရွာအထိ လာရောက်ထိုးပေးလျှက်ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာ ရေးဌာနခွဲရှိသည်ဟု ဆိုရသော်လည်း ဆေးဝါးများ မလုံလောက်မရှိခြင်း၊ ထီးချိုင့်မြို့နှင့် (၈)မိုင်ကျော်ဝေးပြီး အရေးပေါ်အခြေအနေတွင် ထီးချိုင့်မြို့နယ် ပြည်သူဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ရန်အတွက် အခက်အခဲများ ရှိပါသည်။ကျေးရွာတွင်သောက်သုံးရေကို ရေတွင်း များ၊ အဝီစီတွင်းများကို အဓိကထား အသုံးပြုကြသော်လည်း အချို့အိမ်ထောင်စုများသည် နွေရာသီတွင် ရေတွင်းများမှ ရေခန်းသဖြင့် ထိုအိမ်ထောင်စုများ အတွက်စက်ရေတွင်းနှင့် ရေလှောင်ကန် လိုအပ်ပါသည်။ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည် အိမ်ထောင်စုအများအပြားရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာ အသုံးပြုသည် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။ကျေးရွာတွင် အိမ်သာမရှိသည့် အိမ်ထောင်စု (၂၂)စုရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝါးဘိုးချောင်းကျေးရွာတွင် လက်လုပ်လက်စား ကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။ ဝါးဘိုးချောင်း ကျေးရွာတွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာ ဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးပါသည်။ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုတ် ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။သွေးတိုးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားသည့်လူနာ အနည်းငယ်သာ ရှိပါသည်။ ရာသီကူးပြောင်းမှုများ တွင်ဖြစ်ပေါ် ကြက်နာ၊ ဝက်နာရောဂါ များဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဝါးဘိုးချောင်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှု အပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများတက် ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းမှုများ မရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရမည် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မရသိမ်ကျေးရွာအုပ်စု			ကျေးရွာအမည် – ဝါးဘိုးချောင်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ် ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩဇာထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	

ကျေးရွာအုပ်စုအမည် – မရဲသိမ်ကျေးရွာအုပ်စု			ကျေးရွာအမည် – ဝါးဘိုးချောင်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်, မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	
၁၃	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၄	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်းလုပ်ပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	နှစ်ထပ်ကျောင်းဆောင်သစ်(၁၂၀'×၃၀')တစ်ဆောင်ဆောက်လုပ်ခြင်း(RC)	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	(၃)ခန်းတွဲ အိမ်သာ(၁)လုံး တည်ဆောက်ခြင်း၊ အိမ်သာအဟောင်းများ ပြုပြင်ခြင်း	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း	

ကျေးရွာအုပ်စုအမည် – မရဿိမ်ကျေးရွာအုပ်စု			ကျေးရွာအမည် – ဝါးဘိုးချောင်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကလေးအားကစားကွင်း(၁၅၀'×၁၂၀') ပြုလုပ်ခြင်း	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းအားကစားကွင်းပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း	
၂၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး(၈၀၀')ကာရံခြင်း	
၂၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းဝင်းအတွင်း စက်ရေတွင်း တွင်းနက်(၃၀၀')ရေစင် ရေစက်ရုံတည်ဆောက်ခြင်း	
၂၂	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးေေး ပေးခန်းကာကွယ်ဆေးထိုးခြင်း	ရာသီအလိုက်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးခြင်း။	
၂၃	ကျန်းမာရေး	သားဖွားဆရာမ၊ ကျေးလက် ကျန်းမာရေးမှူး စသည်	သားဖွား၊ အရံသားဖွားသင်တန်းများ တက်ရောက်ခွင့်ရစေရန် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက် ခြင်း	
၂၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးမြတ်ထွန်း (၁)လမ်း မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	
၂၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးကျော်ငွေမှ ဦးစံဝင်း အထိ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	
၂၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးကျင်ဖေမှ ဦးမြသောင်း မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးဝင်းရွှေမှဦးမင်းထိ(၁)လမ်း မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	
၂၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးမောင်သန်းမှ ဒေါ်စိန်မြိုင်ထိ(၁)လမ်း မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ်	

ကျေးရွာအုပ်စုအမည် – မရဿိမ်ကျေးရွာအုပ်စု			ကျေးရွာအမည် – ဝါးဘိုးချောင်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
			အဆင့်မြင့်တင်ခြင်း။	
၂၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးထွန်းရင်မှ ဦးမင်းညို အထိမြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ခြင်း။	
၃၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးဝင်းလွင်ဦးမှ ဦးကျောက်ပြုံး အထိ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင် ခြင်း။	
၃၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးစိုးဦးမှ ဦးကျော်အေး အထိ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ခြင်း။	
၃၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးချစ်ကြိုင်မှ ဦးသန်းလင်း အထိ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင် ခြင်း။	
၃၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးတင်နိုင်ဝင်းမှ ဒေါ်မိမြင့် အထိ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင် ခြင်း။	
၃၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးစိုးလွင်မှ ဦးအောင်နိုင်ထွန်း အထိ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင် ခြင်း။	
၃၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးဇော်မင်းနိုင်မှ ဦးမြသောင်း အထိ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင် ခြင်း။	
၃၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးမောင်ကျော့မှ ဒေါ်မိလှိုင် အထိ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင် ခြင်း။	
၃၇	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်း(၄")တစ်တွင်း တူးဖော်ခြင်းနှင့် ရေစင်ရေစက်ရုံတစ်ခုတည်ဆောက်ခြင်း	
၃	အခြေခံအဆောက်အဦ	သောက်သုံးရေ	အိမ်တိုင်ရာရောက်ရေမီတာစနစ်ပိုက်လိုင်းသွယ်တန်းခြင်း။	ဆောင်ရွ

ကျေးရွာအုပ်စုအမည် – မရဿိမ်ကျေးရွာအုပ်စု			ကျေးရွာအမည် – ဝါးဘိုးချောင်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၈				ကိုပြီး
၃၉	လျှပ်စစ်	မိသားစုသုံးဆိုလာ	–	
၄၀	လျှပ်စစ်	မဟာဓာတ်အားလိုင်း	ကျန်ရှိနေသောအိမ်ထောင်စုများအတွက် မဟာဓါတ်အားလိုင်း ရရှိရန် ဆောင်ရွက်ခြင်း။	
၄၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ စီစဉ်ခြင်း။	
၄၂	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခုတည်ဆောက်ခြင်း၊	
၄၃	လူငယ်နှင့်အားကစား	အားကစား	အား/ကာဋီးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း	
၄၄	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း	
၄၅	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျစေရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း	
၄၆	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများ စီစဉ်ခြင်း	
၄၇	သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	
၄၈	ဆက်သွယ်ရေး		–	

နောက်ဆက်တွဲ (၁)

ဝါးဘိုးချောင်းကျေးရွာ၊ မရသိမ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးနိုင်ဝင်း	ဦးတင်လှိုင်	၅/ထခန(နိုင်) ၀၄၉၄၉၅	၄၃	ဥက္ကဋ္ဌ	၀၉-၂၅၈၉၇၅၀၀
၂	ဦးဌေး	ဦးအောင်ရွှေ	၅/ထခန(နိုင်) ၀၆၁၃၂၅	၃၂	အတွင်းရေးမှူး	၀၉-၄၂၁၄၅၉၇၈
၃	ဒေါ်နွယ်	ဦးအောင်မင်း	၅/ထခန(နိုင်) ၀၇၀၂၅၄	၂၆	စာရင်းကိုင်	၀၉-၂၅၉၇၉၅၅၃၁
၄	ဦးထွန်း	ဦးဟံသိန်း	၅/ထခန(နိုင်) ၀၆၆၃၉၉	၂၇	ဘဏ္ဍာရေးမှူး	၀၉-၂၅၈၇၆၁၃၅၅
၅	ဦးပြား	ဦးသိန်းလေး	၅/ထခန(နိုင်) ၀၆၅၄၄၂	၃၄	အဖွဲ့ဝင်	၀၉-၉၆၂၅၆၈၆၃၃
၆	ဒေါ်ခင်စန်းလင်း	ဦးဂေါ်ယာ	၅/ထခန(နိုင်) ၀၂၆၁၇၃	၅၁	အဖွဲ့ဝင်	၀၉-၄၄၂၁၂၄၇၆၁
၇	ဒေါ်ကြည်လင်း	ဦးတင်မြ	၅/ထခန(နိုင်) ၀၅၆၇၀၃	၃၄	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ဝါးဘိုးချောင်းကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၇	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၆	၃၈	၇၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၀	၄၂	၉၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၉	၄၆	၉၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၄	၄၆၉	၈၇၃
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၄၂	၄၃	၈၅
စုစုပေါင်း				၁၂၃၃
စုစုပေါင်း အိမ်ထောင်စု		၂၉၂		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ဝါးဘိုးချောင်းကျေးရွာသည် အိမ်ထောင်စု(၂၉၂)စု၊ လူဦးရေ (၁၂၃၃)ဦး ရှိပါ သည်။ဝါးဘိုးချောင်းကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက်နို့စို့အရွယ် (၁၄)ဦး၊ (၅)နှစ် အောက်ကလေးငယ်(၇၄)ဦး၊ မူလတန်း ကျောင်းသားအရွယ်(၉၂)ဦး၊ အလယ်တန်းကျောင်းသားအရွယ် (၉၅)ဦး၊ အလုပ်လုပ် နိုင်သည့်အရွယ် (၈၇၃)ဦး၊ သက်ကြီးရွယ်ကြီး (၈၅)ဦးရှိပါသည်။ပျမ်းမျှ အနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၉.၁၉%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၄၀၄)ဦး၊မ (၄၆၉)ဦးစုစုပေါင်း (၈၇၃)ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၀.၈%) ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းခန့် ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ကောင်းများ အဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၈၁	၄၃၄	၁၂	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၉၁	၁၈၈	၃	မြင့်□လတ်□နိမ့်✓
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်☒နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်☒နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်☒
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်☒
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်☒နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁	၁	–	☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၂၉၂	၆၂၂	၁၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများ အပြားရှိပြီး လက်လုပ်လက်စားနေ့စား မိသားစုများလည်းရှိပါသည်။မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များရှိသော်လည်း တစ်ပိုင်တစ်နိုင်အိမ်စားရုံမျှ မွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ မိသားစုများ တစ်ပိုင်တစ်နိုင်လက်လီလက်ကား အရောင်းအဝယ် လုပ်ကိုင်သူများလည်းအသင့်သင့်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓာန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓာန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	-	၅၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။။။ဝါးဘိုးချောင်းကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မဝင်ငွေခြားနားရခြင်းမှာလည်း လုပ်အားစိုက်ထုတ် နိုင်မှုအပေါ်တွင်မူတည်ပါသည်။ပြည်တွင်း/ပြည်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများ ကို မသိသောကြောင့် လုပ်အားခပမာဏကိုမသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၉၈၂	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၈၁	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၃	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၄၄၈	ကောင်း ☐	သင့် ✓	ညံ့ ☐
ခနီတောမြေ	၄၅	ကောင်း ☐	သင့်☐	ညံ့ ✓
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၆၆၉	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး

အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။။။ဝါးဘိုးချောင်းကျေးရွာတွင်လယ်မြေ (၂၆၆၉)ဧကရှိပါသည်။လယ်မြေ/ တောင်ယာမြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ လယ်မြေဧက များ ဧရာဝတီမြစ်ရေတက်ပါက ရေကြီးနစ်မြုပ်၍ ဆုံးရှုံးမှုများ ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း✓ မရှိ☐	လွယ်☐ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျ ိုး)	များ☐ သင့်☐ နည်း✓ မရှိ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဝါးဘိုးချောင်းကျေးရွာတွင် တွင်းထွက်သယံဇာတများ မရှိပါ။ ကျေးရွာ တွင် ကျောက်သဲ၊ ကျောက်စရစ်များကို အလွယ်တကူ မရနိုင်ပါ။ သဘာဝအပင်မျိုးစိတ်များနှင့် နွား၊ ကျွဲ စသော တိရိစ္ဆာန်များ လွတ်ကျောင်းရန် အစာရှားပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈၀	၁၂၁	၅၀	၄၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ဝါးဘိုးချောင်းကျေးရွာတွင် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စု အသင့်အတင့်ရှိပြီး မပြေလည်သော အိမ်ထောင်စုများသည် တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့် ကောက် စိုက်ပျိုးနုတ်ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြပြီး အချို့ မှာ အခြားဒေသသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၇	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = ___၇_____ လုပ်အားခကြိုယူ= ___၁၀_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၃_____ လုပ်အားခကြိုယူ= ___၇_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ဝါးဘိုးချောင်းကျေးရွာရှိဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၆၂.၉၆) ရာခိုင်နှုန်းမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃၇.၀၃) ရာခိုင်နှုန်းမှာ (၃ - ၅) လ အထိသာ ဝမ်းစာ ဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားချကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ ဆန်ရှားပါးမှုနှင့် ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊ တစ်ရက်လုံးလျှော့စားခြင်းများမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရသိရပါသည်။မြေယာမဲ့ ကျပန်းသမားများမှာ အခြားသော အချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ဝါးဘိုးချောင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီး ရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ် မရှိပါ။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စု (၅)စုသာရှိပြီး ဆင်းရဲသားမုဆိုးဖို အိမ်ထောင်စု(၁)စုသာ ရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။။ဝါးဘိုးချောင်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ် ထောင်စုများနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ ရှိသဖြင့် ၎င်းအိမ် ထောင်စုများသည် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများ ထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်းကြောင့် အခြားဒေသသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☐နိမ့်🌲မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ✓နိမ့်☐မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ **(Prone to accident)** တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ **(IDP)**	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်✓မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐လတ် 🌲နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်🌲မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ☐မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ 🌲
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်🌲မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐လတ် ☐နိမ့်🌲မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ဝါးဘိုးချောင်းကျေးရွာတွင် နေထိုင်ကြသော အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည် မိသားစုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံမှုများရှိသော်လည်း ကျေးရွာ အတွင်း၌ ကျပန်းလုပ်ကိုင်စားသောက်ကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐ ၂☐	၇	၅	၁၂	ပညာရေး☐ဘာသာရေး☐ ကျန်းမာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၂	ဂေါပကအဖွဲ့	၁☐ ၂☐	၁၄	-	၁၄	ပညာရေး✓ဘာသာရေး☐ ကျန်းမာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း✓ သင့် ☐ ညံ့ ☐
၃	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☐	၆	၅	၁၁	ပညာရေး☐ဘာသာရေး☐ ကျန်းမာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☐ သင့် ☐ ညံ့ ☐
၄	ဓမ္မစကြာ အဖွဲ့	၁☐ ၂☐ ၃✓	-	၁၅	၁၅	ပညာရေး☐ဘာသာရေး☐ ကျန်းမာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း✓ သင့် ☐ ညံ့ ☐
၅	မိန်းမကြီး အဖွဲ့	၁☐ ၂☐	-	၁၂	၁၂	ပညာရေး☐ဘာသာရေး☐ ကျန်းမာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး☐	
၆	ကျောင်းကော်မတီအဖွဲ့	၁☐ ၂☐	၆	–	၆	ပညာရေး✓ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၇	နာရေးအဖွဲ့	၁☐ ၂☐	၁၀	–	၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✓ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ဝါးဘိုးချောင်းကျေးရွာ၏ အုပ်ချုပ်စီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ ဆောင်ရွက်ကြပါသည်။ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာလည်း ကျောင်း၏လိုအပ်ချက်များနှင့် ကလေး များ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်နေပါသည်။ဓမ္မစကြာ အဖွဲ့၊ နာရေးအဖွဲ့နှင့် မိန်းမကြီးအဖွဲ့တို့မှာ အခြားသောပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐ ၂☐၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
